# နိုင်ငံရေးအကျဉ်းသူ/သားများ အသက်အန္တရာယ် စိုးရိမ်ရသည့်အခြေအနေသို့ ရောက်ရှိ

ရက်စွဲ ။ ။ ဩဂုတ်လ (၂၃)ရက်၊ ၂၀၂၄ခုနှစ်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသူများ ရေချိုးသည့် အချိန်တွင် ရေချိုးသည့် နေရာသို့ အမျိုးသား ထောင်ဝန်ထမ်း များ မကြာခဏ အဝင်အထွက် ပြုလုပ်နေသည့်အပေါ် မပြုလုပ် သင့်ကြောင်း အဆောင်မှူးထံတိုင်ကြားရာမှ စကားများပြီး နိုင်ငံရေးအကျဉ်းသူများအား လေးခွများ ဖြင့် ပစ်ခတ်ခဲ့သဖြင့် နိုင်ငံရေးအကျဉ်းသူ ၈ ဦး ထိခိုက်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ပြီး အခြား နိုင်ငံရေးအကျဉ်း သူများလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဩဂုတ်လ ၂၀ရက်နေ့ ညအချိန် တွင် အမျိုးသားထောင် ဝန်ထမ်းများပါဝင်သည့်ထောင်အာဏာပိုင် များသည် ဒိုက်ဦး အကျဉ်းထောင် ရှိ အမျိုးသမီး အဆောင် သို့ သေနတ်၊ ရာဘာတုတ်၊ ကျဉ်စက်၊ လေးခွ၊ စသည့် လက်နက်အပြည့်အစုံဖြင့် ဝင်ရောက်သွားခဲ့ကြောင်း သတင်းရရှိခဲ့ပါ သည်။

ထောင်အာဏာပိုင်များမှ ထိုကဲ့သို့ အမျိုးသားဝန်ထမ်းများကို အသုံးပြုကာ နိုင်ငံရေးအကျဉ်းသူများကို ဖိနှိပ်မှု ပြုလုပ်ခဲ့ရုံ သာမက ယနေ့အထိ ညနက်အချိန်များ၌ လက်နက်အပြည့်အစုံဖြင့် အမျိုးသမီးဆောင် အတွင်းသို့ ဝင်ရောက်ခြင်းများ ပြုလုပ်နေကြသည့်အတွက် နိုင်ငံရေးအကျဉ်းသူများ၏ လုံခြုံရေး၊ အသက်အန္တရာယ်အတွက် များစွာ စိုးရိမ်စရာ ဖြစ်နေ ပါသည်။

ထို့အတူကျိုက်မရော အကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသူများကို ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၅ရက်က ကျိုက်မရောအကျဉ်းထောင် မှ နိုင်ငံရေးအကျဉ်းသူ ၄၀ ကျော်ကို ဒိုက်ဦးအကျဉ်းထောင်သို့ ပြောင်းရွှေ့ မှုများ ပြုလုပ်ခဲ့ပြီး မူးယစ်ဆေးဝါးနှင့် တရားမဝင် ပစ္စည်းများ တွေ့ရှိသည်ဟုဆိုကာ ဒိုက်ဦး အကျဉ်း ထောင် အာဏာပိုင်များက အမျိုးသမီးဆောင်ကို သေနတ်များ ပစ်ဖောက် ခြင်း၊ ရိုက်နှက်ခြင်း၊ လေးဂွ များဖြင့်ပစ်ခြင်း၊ အုတ်ခဲများဖြင့် ဝိုင်းပစ်ကာ အကြမ်းဖက်မှုများ ပြုလုပ်ခဲ့သဖြင့် နိုင်ငံရေးအကျဉ်း သူ များ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဒဏ်ရာများအား ဆေးကုသခွင့်မပေးဘဲ ရက်ပေါင်းများစွာ တိုက်ပိတ်ထားခြင်းများရှိခဲ့ ပါသည်။

အလားတူပင် မှတ်တမ်းရုပ်ရှင်ဖန်တီးသူ နိုင်ငံရေးအကျဉ်းသား ကိုဖေမောင်စိမ်းသည် ဩဂုတ်လ ၁၉ ရက် နေ့လယ် ၂ နာရီက ရန်ကုန်မြို့ ဆာကူရာဆေးရုံမှာ ကွယ်လွန်သွားပါတယ်။ ကိုဖေမောင်စိမ်းသည် စစ်ကြောရေးမှာ ရရှိခဲ့သည့် နံရိုးကျိုးသည့် ဒဏ်ရာအား လွိုင်ကော်ထောင်တွင် လုံလောက်သည့် ဆေးကုသခွင့်မရရှိခဲ့ဘဲ အရိုးတီဘီရောဂါကို ခံစားနေပြီး အခြေအနေ အလွန်ဆိုးရွားသည့်အချိန်မှ အင်းစိန်ထောင်သို့ပြောင်းရွှေ့ပေးကာ အင်းစိန်ဆေးရုံတွင် သံခြေကျဉ်းခတ်ထားပြီး ဆေးကုသ ပေးခဲ့ပါသည်။

ဆေးကုသရန်အချိန်နောက်ကျသွားပြီး ကွယ်လွန်ခါနီး ဩဂုတ်လ ၁၆ ရက်မှ လွှတ်ပေးလိုက်ပါသည်။ ကိုဖေမောင်စိမ်းသည် အဆိုပါရောဂါဖြင့် ဩဂုတ်လ ၁၉ ရက်နေ့တွင် မကွယ်လွန်သင့်ဘဲ ကွယ်လွန်သွားခဲ့ပါသည်။ ကိုဖေမောင်စိမ်းကဲ့သို့ အကျဉ်းထောင်များတွင် လုံလောက်သည့် ကျန်းမာရေး စောင့်ရှောက်မှုမရသဖြင့် အသက်ဆုံးရှုံးခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား (၁၀၁) ဦး ရှိနေပြီ ဖြစ်ပါ သည်။

မိမိတို့အနေဖြင့် နိုင်ငံရေးအကျဉ်းသူ/သားများအပေါ် ပုံစံမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်နေသူများအား စနစ်တကျ မှတ်တမ်းတင် ဖော်ထုတ်ပြီး ကျူးလွန်မှုအဆင့်အလိုက် အပြစ်ပေးအရေးယူ နိုင်သည်အထိ ဆက်လက်ကြိုးပမ်း ဆောင်ရွက် သွားမည်ဖြစ်သည်။ ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်ခံရသူ နိုင်ငံရေးအကျဉ်သူ/သားများ၏ ပေးဆပ်မှု၊ စွန့်လွှတ်မှုများအတွက် တရားမျှတမှုရရှိနိုင်ရန်အတွက်လည်း မိမိတို့အနေဖြင့် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ လိုက်သည်။

အရေးတော်ပုံ မုချအောင်ရမည်။

တရားမျှတမှု မုချရစေရမည်။

**ပူးတွဲထုတ်ပြန်သည့်အဖွဲ့အစည်းများ-**

- နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP)
- နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS)
- မြန်မာနိုင်ငံလုံးဆိုင်ရာနိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM)
- နိုင်ငံရေးအကျဉ်းသူများအဖွဲ့ (WOPP)
- ထောင်ဝင်စာပို့ကြမယ်
- နွေဦးတမာန် နိုင်/ကျဉ်းကူညီရေးအဖွဲ့